# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်။
(၁၉၇၃ ခုနှစ်၊ ဇွန်လ ၂၉ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၇၃ ခုနှစ်၊ ပြည်နယ် တရားရုံးများ အက်ဥပဒေကို ပြင်သည့် ဥပဒေ

[၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၇။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၇၃ ခုနှစ်၊ ပြည်နယ် တရားရုံးများ အက်ဥပဒေကိုပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာ တည်ရမည်။

၂။ ။နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၃ ခုနှစ်၊ ပြည်နယ် တရားရုံးများ အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ)၏ ခြွင်းချက်ကို ပယ်ဖျက်ရမည်။

၃။ ။ဤဥပဒေစတင် အာဏာတည်အံ့ဆဲဆဲ ကာလ၌၊ တရားရုံးချုပ်တွင် မပြီးပြတ်သေးသည့် အဆိုပါ အက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ)၏ ခြွင်းချက်အရ၊ တင်သွင်းထားသည့် အယူခံမှု အားလုံးကို သက်ဆိုင်ရာ ပြည်သူ့တရားရုံးသို့ လွှဲပြောင်းပေးပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

ဦးနေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်။
(၁၉၇၃ ခုနှစ်၊ ဇွန်လ ၂၉ ရက်။)

အမိန့်အရ၊
(ပုံ) ဒုတိယ ဗိုလ်မှူးကြီး မြကျော်၊
အတွင်းရေးမှူး၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။